Ko Pauk (MDY)

# ဘွပုတ်...ရေ



# "ဘွပုတ် ......... ရေ"

အေးမြတဲ့ တောင်ပေါ်မြို့လေးရဲ့ အရှေ့မြောက်ဘက် မြို့အစွန်က လူသူ မရှိသလောက် နည်းပါးတဲ့ တောင်ကုန်းလေးပေါ်မှာ ရှိနေတဲ့ လူ ဘဝရဲ့ နောက်ဆုံး ခရီးအတွက် ယာယီနားခိုရာ နေရာလေး တစ်ခုကို ကျွန်တော်တို့ မရောက်ချင်ပေမဲ့ ရောက်လာခဲ့ရပါတယ်။

ကွင်းပြင်ကျယ်ကို ဖြတ်လာတဲ့ ဆောင်းမြောက်ပြန်လေက အရိုးထဲ ထိ စိမ့်ဝင်။ ဆောင်းနှေ့လည်ခင်းပေမဲ့ တောင်ရိပ်တောရိပ်တွေကြောင့် ထင်ပါရဲ့ အနွေးထည် အထပ်ထပ် ဝတ်ထားတောင်မှ တစ်ကိုယ်လုံး အေးစက်နေသလို စိတ်တွေကလည်း အလိုလို ထိုင်းမှိုင်းလေးလံ။

ပတ်ဝန်းကျင် တောင်ကုန်းတစ်ခုလုံး အပြည့်နီးပါးလောက် တောထ နေတဲ့ နေကြာရိုင်း ပန်းဝါဝါ တွေကတော့ လူသားတွေရဲ့ အပူတွေနဲ့ သူ တို့ ပတ်သက် ဆက်နွယ်ခြင်း မရှိသလို အေးဆေးငြိမ်သက်။ အစက တော့ ငိုပွက်ဆူညံနေတဲ့ နေရာလေးက "ဂျိန်း" ဆိုတဲ့ အသံကြီးရဲ့ အဆုံး မှာ ခဏလေး တိတ်ဆိတ်သွားပေမဲ့ တအိအိ ရှိုက်ငိုသံ လေးတွေကတော့ သဲ့သဲ့ကလေး ထွက်ပေါ်နေဆဲ။

သိပ်မကြာခင် အချိန်လေးမှာ လူတစ်ယောက် လောကထဲက ထွက် ခွာပြီ ဆိုတာကို အတည်ပြုပေးနေတဲ့ မီးခိုးမျှင်လေးတွေ မီးသင်္ဂြိုဟ်

စက် ခေါင်းတိုင်က စတင် ထွက်ပေါ်လို့ လာချိန်မှာ "သွားပေတော့ ဘွ ပုတ် ရေ" လို့ စိတ်ထဲက တီးတိုးရေရွတ် နေဆဲမှာ ပဲ ကိုကြီးရေ "ဘွပုတ် " တော့ သွားပြီနော်လို့ နှုတ်ဆက်တာကို သက်သေပြနေတဲ့ မီးခိုးလေး မှိုင်းမှိုင်းလေးတွေက တစထက်တစ်စ ပိုပိုများ လို့ လာတဲ့ အခါ မီးခိုး ငွေ့လေးများ နဲ့ အတူ စိတ်တွေက ကျွန်တော်တို့ ရဲ့ အတိတ်ကို ခဏ ပြန်သွား နေမိပါတယ်။

လေလွင့် တေပေနေခဲ့တဲ့ ကာလတွေမှာ ကျွန်တော် တစ်ယောက်တည်း အထီးကျန် နေတယ်လို့ ခံစားမိတိုင်း လောကကြီး မှာ ဓလေ့ထုံးစံတွေ ယုံကြည်မှုတွေ မရှိရင် သိပ်ကောင်းမှာ ပဲလို့ လည်း နာနာကျင်ကျင် တွေးမိရာတွေ တွေးမိခဲ့ ဘူးပါတယ်။

ဒီထုံးစံတွေကြောင့်ပဲ ကျွန်တော်နဲ့ ညီမလေး "ဘွပုတ်" တို့ နှစ်ယော က်ကြားမှာ ဘဝတွေမခြားဘဲ အဝေးကြီး ဝေးခဲ့ကြရတာကိုး။

***

၁၉၆၆ ခုနှစ်ရဲ့ အချိန်မဟုတ် အခါမဟုတ် မိုးတွေ သဲသဲမဲမဲ ရွာနေ တဲ့ စနေနေ့ အရုဏ်တက်မှာ လူ့လောကကြီးထဲကို ကျွန်တော် ရောက် လာတာပေါ့။

သို့သော်လည်း ကျွန်တော်မွေးခါ အချိန်လေးမှာ ပဲ "နေတက် ရေတက် စိတ်ထက်သဟဲ့ သားဦးစနေ မီးလိုမွှေမဟဲ့" ဆိုတဲ့ အယူအဆ တွေကြောင့် မွေးကင်းစကလေး ကျွန်တော့်အပေါ် ဓားထမ်းလို့ ကျော် မယ်အလုပ်မှာ ကျွန်တော့်အဘိုးက အပြင်းအထန် ကန့်ကွက်ခဲ့တာ

ကြောင့်

အဘိုးကို မလွန်ဆန်နိုင်တော့ အားလုံးက မလုပ်ရဲကြပေမဲ့ စိတ်ထဲမှာ တော့ မချင့်မရဲ။

အိမ်ထောင်စု အကြီးကြီး တစ်ခုရဲ့ သားအကြီးက မွေးဖွားပေးလိုက်တဲ့ ပထမဦးဆုံး မြေးအကြီးဆုံး ကျွန်တော်၊ ပိန်သေးသေး ကျစ်ကျစ် နီတာရဲလေး ကျွန်တော့်ကို အချစ်ပိုခဲ့ ကြပါသတဲ့ ။

ဘာဘဲပြောပြော အထိုက်အလျောက် စီးပွားရေး အဆင်ပြေ တောင့်တင်းတဲ့ မိသားစုကြောင့် ကျွန်တော့်ဘဝလေးက အစကောင်း ခဲ့တယ်ဆိုလည်း မမှားပါဘူး။

အဲဒီအချိန်တုန်းက အဖေက မန်းလေးမြို့ အရှေ့ဘက်မှာ ရှိတဲ့ ပုသိမ်ကြီးမြို့မှာ တာဝန်ကျနေပါတယ်။ ကျွန်တော်တို့ အားလုံးက နန်းရှေ့က အဘိုးရဲ့ အိမ်မှာ အကုန်စုပြီး နေခဲ့ကြတာပေါ့။

ကျွန်တော်တို့ နေတဲ့ ခြံကြီးထဲမှ ပန်းပင်သီးပင် စားပင်အစုံ ရှိသလိုအိမ်အဝင်ဝမှာ စွယ်တော်ပင်ညီနောင် ရှိနေပုံက ခြံအဝင် ပေါင်းမိုးလေးလိုဆိုတော့ မြင်ရတာ လှတပတ။

အခုလို ဆောင်းမှာ အပွင့်တွေ ဝေနေပုံက ချစ်စရာ။ အိမ်ရှေ့မှာ စံပယ်ခင်း ဇွန်ပန်းခင်းနဲ့ နှင်းဆီခင်း။ ဇွန်ပွင့်ချိန် စံပယ်ပွင့်ချိန် လသာညများ ဆို တစ်ခြံလုံးကို မွှေးမြ။ အိမ်ဘေးမှာ တော့ စားလည်း စား အရိပ်လည်း ရတဲ့ သရက်ပင်နဲ့ မာကလာပင် မကျီးပင်တွေ၊ အိမ်အနောက်ဘက် ခြမ်းမှာ တော့ ချဉ်ပေါင် ခရမ်းနဲ့ ဘူးစင်လေးတစ်စင် ရှိပါတယ်။

အိမ်ရဲ့ အနောက်မြောက်ဘက်မှ တော့ ဧကရာဇ်ပင် ဆောင်းတွင်းဆိုတစ်ခြံလုံး မွှေးနေအောင် ပွင့်တာပေါ့။ နောက်ဖေး ရေချိုးတဲ့ နားက

ကန်လေးထဲက ကန်စွန်းခင်းလေးက လဲစိမ်းနုမြမြ။ လပြည့်ညများ ဆိုရင် ကန်စွန်းညွန့်လေးတွေက မိုးကို မျှော်နေပုံက အင်မတန်လှပ။

ခြံတစ်ခြံလုံးကို ရေမြောင်းတွေ ယှက်သွယ်လို့ ထားပါတယ်။

ကျွန်တော်တို့ ခြံရဲ့ မြောက်ဘက် သုံးအိမ်ကျော်လောက်မှာ မန်းလေး ကျုံးထဲကို ရေသွင်းတဲ့ မြောင်းလေး ရှိပါတယ်။

ကျွန်တော်တို့ အိမ် အပါအဝင် အဲဒီနားက အိမ်တွေအားလုံးက ဒီမြောင်းရေလေးကို သွယ်ပြီး ယူကြပါတယ်။ ခြံထဲမှာ စိုက်ထားတဲ့ အပင်တွေအတွက် ဒီမြောင်းရေကိုဘဲ သုံးကြတာပေါ့။

ပူပြင်းလောင်မြိုက်တဲ့ မန်းလေးမြို့ကြီးဆိုတဲ့ အသုံးအနှုန်းက ကျွန်တော်တို့ နေတဲ့ နန်းရှေ့ခြံလေးနဲ့ မသက်ဆိုင်သလို သစ်ပင်ပန်းမာလ်တွေနဲ့ ရာသီမရွေး စိမ်းစိုအေးမြ။

ကျွန်တော်ရဲ့ ငယ်ဘဝလေးကလည်း အတော်လေး အေးချမ်းခဲ့ပါတယ်။ ဆေးတံခဲရင်း စာဖတ်နေတတ်တဲ့ အငြိမ်းစား ကျောင်းဆရာကြီးဖြစ်တဲ့ အဘိုးရယ် အိမ်မှုကိစ္စတွေနဲ့ အမြဲ အလုပ်ရှုပ်နေတတ်တဲ့ အဘွားရယ်၊ အလုပ် ပိတ်ရက်တွေမှ သာ ဒီအိမ်ကို ပြန်လာတတ်တဲ့ ကျွန်တော့်အဖေနဲ့ အမေရယ်၊ တယ်လီဖုန်းရုံးမှာ အော်ပရေတာလုပ်တဲ့ လူပျိုသားအလတ် "ဆွေဆွေ" ရယ်၊ အိုးမကွာ အိမ်မကွာ ဈေးထည်တွေကို လက်ခစားနဲ့ ချုပ်တဲ့ သမီးအပျိုကြီး "တင်တင်" ရယ် မန်းလေးတက္ကသိုလ်တက်နေတဲ့ ကျောင်းသား "မော်မော်" ရယ်၊ အားလုံးရဲ့ အချစ်တွေ စုနေတဲ့ ကျွန်တော်ရယ် ရှိနေပြီး ရေဒီယိုသံလေး အမြဲ လွင့်ပျံ့နေတတ်တဲ့ ပျော်စရာကောင်းတဲ့ အိမ်ကလေးပါဘဲ။

စနေတနင်္ဂနွေ ကျောင်းပိတ်ရက်တွေမှာ ဆိုတာနဲ့ မြို့ထဲမှာ နေကြတဲ့ အဘိုးအဘွားတို့ ရဲ့ နှစ်ဖက် ဆွေမျိုးတွေက အိမ်ကိုလာကြရင် သူတို့

သားသမီးတွေ မြေးတွေပါ ခေါ်လာကြတော့ အိမ်မှာ လူတွေ အမြဲ စည်စည်ကားကား။

ဒီလိုရက်မျိုးဆိုရင် လူကြီးတွေက မုန့်တီတို့ မြီးရှည်တို့ ခေါက်ဆွဲကြော် စတာတွေကို ထမင်းလွတ်စားဖို့ စကားတပြောပြောနဲ့ ချက်ကြပြုတ်ကြ။

ကျွန်တော်တို့ ညီအစ်ကို မောင်နှမ ဝမ်းကွဲအုပ်စု ကြီးကလည်း ခြံထဲမှာ နည်းမျိုးစုံနဲ့ ဆော့ကြ။ မောရင် အိမ်ထဲပြေးဝင် တွေ့ရာမုန့်ကို ဆွဲလာပြီး အလုအယက် စားကြ၊ ဘာမှ မရှိရင် သစ်ပင်ပေါ်က မာကလာ ပင်က အူနီသီးတွေကို ဆွတ်ပြီးစားကြ။

အဲဒီလိုများ တပေါးပေါး တဟားဟားနဲ့ ဆော့နေကြရင် သစ်ပင်အောက်က ပက်လက် ကုလားထိုင် တစ်လုံးပေါ်မှာ ပုံ့ပုံ့ကြီးထိုင်ရင်း စာဖတ်နေတဲ့ အဘိုးက ပြုံးပြုံးကြီး ကြည့်လို့ နေတတ်သပေါ့။

တစ်ခါတလေ ကစားရင် မောင်နှမတစ်တွေ သူတစ်ခွန်း ငါတစ်ခွန်း ငြင်းကြခုန်ကြရင် အဘွားထွက် လာပြီး "ဟင်း ... နော်" လို့ အော်လိုက်ရင် အားလုံးငြိမ်ပါဘဲ။

တော်ကြာ "လူစုခွဲ မကစားနဲ့ တော့ ခြေလက်ဆေး  အားလုံး အိမ်ပေါ်တက်" လို့ တစ်ချက်လွှတ် အမိန့်တွေ ထုတ်လာမယ့် အဘွားကို ကြောက်လို့ ပါ။

အလုပ်ဖွင့်ရက် သူတို့ တစ်တွေ ကိုယ့်အိမ်ကို ပြန်ကြပြီဆိုရင် ကျွန်တော့်မှာ ယောင်ချာချာနဲ့ တစ်ယောက်တည်း ပျင်းပြီး ကျန်ခဲ့ရတော့တာပေါ့။

အဲဒီတော့လည်း အရုပ်တွေနဲ့ တစ်ယောက်တည်းဆော့၊ ပျင်းလာရင်

"တင်တင်" စက်ချုပ်တဲ့ နားမှာ အဝတ်ဖြတ်စတွေနဲ့ ဆော့ချင်ဆော့။ ည နေဆိုရင် အဘိုးနဲ့ ကျုံးနံဘေးကို လမ်းလျှောက်ထွက်။ တစ်ခါတစ်ခါ တော့ အဘွားနဲ့ နန်းရှေ့ဈေးကို လိုက်တဲ့ အခါ လိုက်ပေါ့။ တစ်ခါတလေ "မော်မော်" သွားလေရာလိုက်ပေါ့။

အဖေအမေနဲ့ က တစ်ပတ်မှ တစ်ခါ တွေ့ရတော့ ကျွန်တော်က သိပ် မခင်တွယ်ပါဘူး။

သူတို့ လာပြန်ရင်လည်း အလတ်ကောင်ကိုဘဲ ဂရုစိုက်တတ်တော့ ကျွန်တော်က သူတို့ နဲ့ သိပ်မသက်ဆိုင် သလိုပါဘဲ။

"ဆွေဆွေ" ကတော့ သူရုပ်ရှင်သွားတိုင်း၊ ဗထူးကွင်းကို ဘောလုံးပွဲ သွားကြည့်တိုင်း ခေါ်ပါတယ်။ ကလေးဘဝကတော့ စားမယ်ဆော့မယ် ပျော်မယ် အပူအပင် ကင်းကင်းပေါ့။

***